Karenni Human Rights Group

# ကရင်နီပြည်နယ် စစ်ရှောင်နှင့် လူထုများ ရင်ဆိုင်နေရသော အခြေအနေများ



## မှတ်တမ်း အစီရင်ခံစာ

### ၂၀၂၅ ခုနှစ် ဇန်နဝါရီ လ မှ ဧပြီလ

လွှမ်းခြုံ ဒေသ :

လွိုင်ကော်မြို့နယ်၊

ဒီးမော့ဆိုမြို့နယ်၊

ဖယ်ခုံမြို့နယ်၊

ဖရူဆိုမြို့နယ်၊

မယ်စဲ့မြို့နယ်


အစီရင်ခံသူအဖွဲ့/အဖွဲ့အစည်း

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG)

## မာတိကာ


နိဒါန်း

ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်အကျဉ်း

အခန်း (၁) စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း

- တွေ့ရှိချက်
- သုံးသပ်ချက်
- အကြံပြုချက်
- လူထုအသံ

အခန်း (၂) ပညာရေးအခြေအနေနှင့် ကျန်းမာရေး

- တွေ့ရှိချက်
- သုံးသပ်ချက်
- အကြံပြုချက်
- လူထုအသံ

အခန်း (၃) လုံခြုံရေး

- တွေ့ရှိချက်
- သုံးသပ်ချက်
- အကြံပြုချက်
- လူထုအသံ

အခန်း (၄) အကြံပြုတိုက်တွန်းချက်

နိဂုံး

## နိဒါန်း (Introduction)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံပြည်သူလူထုများသည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုဒါဏ်များကို ရင်ဆိုင်ခံစားနေရသည်မှာ (၄)နှစ်တိုင် ရှိပြီးဖြစ်သည်။ ကရင်နီပြည်နယ်သည်လည်း စစ်အာဏာသိမ်းပြီးနောက် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားနေရသည့် ပြည်နယ်တစ်ခုလည်း ဖြစ်သည်။ အာဏာသိမ်း(၄)နှစ်တာအတွင်း ကရင်နီပြည်နယ် လူထုများ စစ်ဘေးရှောင် ဖြစ်ခဲ့ရပြီး လူမှုနေထိုင်မှု ဘဝ အဘက်ဘက်မှ ယိုးယွင်းမှုများ အဆက်မပြတ် ရင်ဆိုင်ခံစားနေရသည်။ လူမှုနေထိုင်မှု ဘဝပြန်လည် ထူထောင်နိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ များစွာလိုအပ်နေသည်။

အာဏာသိမ်းကာလ တစ်လျှောက်လုံးတွင် လူထုများသည် အသက်ရှင်သန်ရပ်တည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားနေကြသော်လည်း စိုက်ပျိုးထားသော သီးနှံများမရိတ်သိမ်းရခြင်း၊ စားနပ်ရိက္ခာသိုလှောင်ထားသော နေရာများ မီးရှို့ဖျက်စီးခံရခြင်း၊ တိုက်ပွဲများကြောင့် စိုက်ပျိုးဧရိယာများ ပုံမှန် မစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးထားသော လယ်ယာများ ရေကြီးနစ်မြုပ်ခံရခြင်း နှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းတို့သည် လူထုများအတွက် ကြီးမားသော ထိခိုက်ဆုံးရှုံးမှု တစ်ရပ်ဖြစ်စေခဲ့ပြီး ပိုမိုကြပ်တည်းသော အခြေအနေကို တွန်းပို့စေခဲ့ပါသည်။ ထို့အပြင် ၂၀၂၅ နှစ်စမှ စ၍ ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲများကြောင့် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုများ လျော့ကျလာခဲ့သည့်အတွက် ယခင်ရရှိခဲ့သော အကူအညီများထက် အလှူအကူအညီများလျော့နည်းလာပြီး ကရင်နီပြည်အတွင်းရှိ အလှူရှင်များကို မှီခိုနေရသော စစ်ဘေးရှောင်များအတွက် အခက်အခဲ အကြပ်အတည်းများစွာရင်ဆိုင်လာရပါသည်။


ယခုအချိန်အထိလည်း လူထုများသည် စားနပ်ရိက္ခာမလုံလောက်မှု၊ ကျန်းမာရေးဝန်ဆောင်မှုမရရှိမှု၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများမရရှိမှု အကြပ်အတည်းစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ စစ်ကောင်စီ အကြမ်းဖက်မှုများသည် လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ထိခိုက်စေနိုင်သည်။

ထို့ကြောင့် ကရင်နီပြည်နယ်အတွင်းရှိ လူထုအတွက် လူသားချင်းစာနာမှုအကူအညီများကို ပြန်လည်တိုးမြှင့်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား စနစ်တကျမှတ်တမ်းတင်၍ နိုင်ငံတကာသိရှိအောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

## ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက် အကျဉ်း

ကရင်နီပြည်နယ်တွင်း မီးတင်းနေထိုင်ကြသော ကရင်နီလူထုများ အထူးသဖြင့် စစ်ဘေးရှောင် များ၏ ရင်ဆိုင်ကြုံတွေ့ နေရသော အခြေအနေအမှန်များကို သိရှိနိုင်စေရန် အတွက် ဤအစီရင်ခံစာကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။ ကရင်နီလူ့အခွင့်အရေးအဖွဲ့သည် အဖွဲ့၏ လုပ်ငန်းစဉ်ဖြစ်သော လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်အောက်တွင် စစ်ရှောင်လူထုများ၏ အခြေအနေများ ပုံမှန်ကို စစ်တမ်းကောက်ယူမှု လုပ်ဆောင်လျက်ရှိပါသည်။

ကရင်နီပြည်နယ် လွိုင်ကော် မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ဖရူဆိုမြို့နယ် နှင့် မယ်စဲ့ မြို့နယ် (၅) မြို့နယ် အတွင်း မီးတင်းနေထိုင်ကြသော စစ်ဘေးရှောင်ပြည်သူများ၏ ကြုံတွေ့နေရသော အခြေအနေများကို သိရှိနိုင်ရန်အတွက် စားဝတ်နေရေး၊ စီးပွားရေး/အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စစ်ရေးနှင့် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး စသည့် ခေါင်းစဉ် များဖြင့် စစ်တမ်းကောက်ယူမှု ပြုလုပ်ထားပါသည်။ ဤစစ်တမ်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လမှ ဧပြီ လ ထိ လေးလတာအတွင်း ကောက်ယူရရှိသော အချက်အလက်များပေါ် မူတည်ပြီး သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည် အနှစ်ချုပ် အစီရင်ခံစာ တင်ပြခြင်းဖြစ်ပါသည်။




အထက်ဖော်ပြပါ မြို့နယ် (၅)မြို့နယ်အတွင်းမှ အမျိုးသား (၄၆) ဦး၊ အမျိုးသမီး (၇၂) ဦး စုစုပေါင်း (၁၁၈)ဦးကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ကောက်ယူသူများတွင် စစ်ဘေး၂ှောင် မိဘများ၊ စခန်းကော်မတီများ၊ ကျောင်းဆရာ/မ များ၊ ကျန်းမာရေးလုပ်သားများ၊ ကျေးရွာခေါင်းဆောင် များနှင့် ရွာခံများကို မေးမြန်းစစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

ယခု အစီရင်ခံစာတွင် ကောက်ယူထားသော၂ အချက်အလက်များကို ပြန်လည် အနှစ်ချုပ် အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

# အခန်း (၁)

## (က)တွေ့ရှိချက်

## စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း

### စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်သည့် အုပ်စု

အများစုအတွက် စိုက်ပျိုးရေး တောင်ယာ/ လယ်ယာလုပ်ငန်းသည် စားဝတ် နေရေးအတွက် အဓိကဖြစ်သော်လည်း စစ်အခြေအနေ၊ လုံခြုံရေးမရှိခြင်း၊ ရာသီဥတုအန္တရာယ် ကျရောက်ခြင်း၊ တိရစ္ဆာန်ဖျက်စီးခြင်း များကြောင့် အထွက်နှုန်း နည်းပြီး၊ စိုက်ပျိုးရေး အောင်မြင်မှု နည်းပါးသည်။ တစ်ချို့ကအောင်မြင်သော်လည်း အများစုအတွက် စားဝတ် နေရေးဖူလုံရန် အခက်အခဲ များ ကြုံတွေ့နေရသည်။

တောင်ယာ၊ လယ်ယာ ပိုင် မရှိသူများအနေဖြင့် ဆွေမျိုးများထံမှ ခြံကွက် ငှား၍ ပြောင်းဖူး၊ စပါး၊ ဖလာ၊ နနွင်း စသည် သီးနှံများ စိုက်ပျိုးသော်လည်း အထွက်မကောင်းခြင်း၊ စိုက်ပျိုးစရိတ် ငွေကြေး အခက်အခဲများ ကြုံတွေ့နေရသည်။

တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ (ဝက်၊ ကြက်၊ ငါး) လုပ်ကိုင် ကြသော်လည်း ရာသီဥတု အန္တရာယ်နှင့် တိရစ္ဆာန် ကူးစက်ရောဂါပိုးများ ကျ သည့်အတွက် ဆုံးရှုံးမှုများ ဖြစ်နေသည်။

### နေ့စားအလုပ်/ကျပန်း လုပ်ကိုင်သော အုပ်စု

တချို့သော ဒေသများသည် လုပ်ကိုင်စားသောက်ရန် တောင်ယာ၊ လယ်ယာ များ မရှိသဖြင့် နေ့စားအလုပ်လုပ်ခြင်း၊ ၊ အငှားလုပ် လုပ်ခြင်းဖြင့် တစ်နေ့လုပ် တစ်နေ့စား စားဝတ်နေရေးအတွက် ဖြေရှင်းကြသည်။ ခြံအငှား လိုက်ပြီး ရရှိလာသော လုပ်အားဖြင့် ဆန်စပါးဖြင့် လဲလှယ်ခြင်း (သို့) ဝယ်ယူပြီး တစ်နေ့စား စားဝတ်နေရေးဖြေရှင်းကြသည်။ သို့သော် နေ့စားအလုပ်နှင့် အငှား အလုပ်များသည် ရာသီအလိုက်သာ ရရှိနိုင်သည့်အတွက် တစ်နှစ်ပတ်လုံး စားဝတ်နေရေးအတွက် အခက်အခဲ ရှိသည်။

### တစ်နိုင်တစ်ပိုင် စီးပွားရေး လုပ်ကိုင်သော အုပ်စု


တစ်ပိုင်တစ်နိုင်ဈေးဆိုင်ဖွင့်ပြီး ကုန်ပစ္စည်းများ အနည်းငယ်တင် ရောင်းချ သော မိသားစုများလည်း ရှိသည်။ ထို့အပြင် ဈေးမှ ကုန်စိမ်း များဝယ်ပြီး ကျေးရွာ စစ်ရှောင်စခန်းများကို လည်ပတ်ရောင်းသော သူများလည်းရှိသည်။ သို့သော်လည်း ဈေးဝယ်သူနည်းခြင်း၊ စစ်ရေး တိုက်ပွဲအခြေအနေများကြောင့် ကုန်သယ်ယူနိုင်သည့် လမ်းကြောင်းများ မကြာခဏပိတ်ပြီး ကုန်ဈေးနှုန်း မြင့်တက်ခြင်းကြောင့် အရင်းအနှီးငွေများ ကြေနိုင်ရန်သာ ရှန်းကန်နေရပြီး အမြတ်ငွေ အနည်းငယ်သာ ရရှိကြသည်။

### နယ်ခြားတွင် အလုပ်လုပ်သော မိသားစုဝင်များရှိသည့် အုပ်စု

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် လူထု/စစ်ရှောင် မိသားစု ဝင် များ/သားသမီးများသည် အခြားမြို့များသို့ အလုပ်သွားရသည်။ နိုင်ငံရပ်ခြား/တခြားမြို့ကြီးများ/မော်ချီးဒေသသို့ သွားရောက် အလုပ်လုပ်ကိုင်သူများ ရှိကြသည်။ နယ်ခြားတွင် အလုပ်သွားရောက် လုပ်ကိုင်သော မိသားစုဝင်များ ရှိသည့် မိသားစုအတွက် အနည်းငယ် သက်သာချောင်ချိမှု ရှိသည်။ သို့သော် အခြေအနေမျိုးမျိုးကြောင့် မိသားစုထံ လစဉ် ထောက်ပံ့ကြေး ပေးပို့နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

### အလုပ်လုပ်ကိုင်ရန် ခက်ခဲသော အုပ်စုများ

သက်ကြီးရွယ်အိုများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းများ၊ မုဆိုးဖို၊ မုဆိုးမ မများ စသည့် မှီခိုစရာမရှိသည့် မိသားစုများ လည်းရှိနေသည်။






## အစားအသောက်လုံလောက်မှု/ အခြေခံစားနပ်ရိက္ခာ ရရှိမှု

1. စစ်ဘေးရှောင် အများစုသည် အခြေခံစားနပ်ရိက္ခာ အတွက် အလှူရှင်များ (NGO, CSO, အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များ)ကို မှီခိုအားထား နေရသည်။ အလှူရှင်များမှ အထောက်အပံ့များရရှိသော်လည်း ပုံမှန်ရရှိမှု မရှိခြင်း နှင့် ထောက်ပံ့မှု လျော့နည်းလာသည့်အတွက် မိသားစုများ သည် အခြားသူ များထံမှချေးစားခြင်း၊ တစ်နေ့တစ်နပ် လျော့စားခြင်း၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက် နည်းနည်း ဖြင့်သာ စားသောက် နေထိုင်ကြသည်။ မိသားစု အများစုသည် အခြေခံ စားသောက်ကုန်များ ဖြစ်သော ဆန်၊ ဆီ၊ အသားငါးများ လုံလောက်စွာ ပုံမှန် စားသုံးနိုင်ရန် ခက်ခဲနေသည်။ မိသားစု စားဝတ်နေရေးအတွက စီမံရသော မိခင်များအနေဖြင့် နေ့စဉ် စိုးရိမ်မှုများ ရှိနေပြီး အလှူရှင်များ ထောက်ပံ့မှု နည်းလာသည့်အတွက် ကလေးများ စားသောက်ရေး ကလေး များ ရှေ့ရေး (အနာဂတ်) အတွက် စိုးရိမ်မှုပိုမိုမြင့်တက်လာနေသည်။
2. ယခင်နှစ် (၂၀၂၄ခုနှစ်) နှင့် နှိုင်းယှဥ်လျှင် အခြေခံ စားသောက်ကုန် ဈေးနှုန်းများသည် ၃-၄ ဆ မြင့်တက်သွားသည့်အတွက် ဝင်ငွေမရှိသော စစ်ရှောင်အများစု အတွက် ဝယ်ယူစားသောက်ရန် စိန်ခေါ်မှုများစွာ ရှိနေသည်။ တစ်နေ့လုံး အလုပ်လုပ်ရသည့်ဝင်ငွေသည် စားဆီတစ်ဗူး (၇၅ကျပ်သား)ဖိုး မရသည့် အခြေအနေ ဖြစ်သည်။ စားနပ်ရိက္ခာ၊ မီးသွေး/ထင်း၊ ရေနှင့် မရှိမဖြစ်အသုံးအဆောင်များ ဈေးနှုန်းသည် မိသားစု ဝင်ငွေနဲ့ မျှတမှု မရှိဘဲ လွန်စွာကုန်ဈေးနှုန်းများ မြင့်တက်လာသည်။
3. အလုပ်လုပ်ကိုင်ရန် အခက်အခဲရှိကြသော သက်ကြီး ရွယ်အိုများ နှင့် မသန်စွမ်းများအတွက် အခြေခံစား သောက်ကုန်များလိုအပ်နေသည်။ အထူးသဖြင့် မှီခိုအား ထားရန် မိသားစု ဆွေမျိုးများမရှိသည့် သက်ကြီးရွယ်အို နှင့် မသန်စွမ်းများအတွက် ထောက်ပံ့ကူညီမှု များစွာ လိုအပ်နေသည်။
4. မိသားစုများသည် ငွေရေးကြေးရေး အခက်အခဲများ နှင့် အလှူရှင် ထောက်ပံ့ကူညီမှု လျော့နည်းလာခြင်းကြောင့် ကလေးများကို အာဟာရညီညွတ်စွာ ကျွေးနိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေပြီး ကလေးသူငယ်နှင့် သက်ကြီး ရွယ်အို များ အဟာရ ချို့တဲ့မှုများ ရင်ဆိုင်နေရသည်။



## သောက်သုံးရေ သန့် ရှားပါးမှု

စစ်ဘေးရှောင်များ နေထိုင်သော ဒေသအများစုသည် နွေရာသီတွင် ရေရှားပါးပြီး သောက်သုံးရေ ဝယ်ယူရသည်။ တချို့နေရာများတွင် ရေတစ်ပုံး ရရှိရန် တစ်နာရီခန့် စောင့်ဆိုင်းပြီး ခပ်ယူရသည့် အခြေအနေများလည်း ရှိသည်။ တစ်ခါတစ်ရံ အလှူရှင်များမှ ရေ အလှူ လာပေးကြ သော်လည်း ပုံမှန် လှူဒါန်းမှု မျိုးမရှိပါ။ မိုးရာသီတွင် မိုးရေကို အားကိုးရပြီး ချောင်း ရေကြီးလျှင် ရေသန့် ရရှိရန် အခက်အခဲများ ရှိသည်။ သောက်သုံးရေ မလုံလောက်မှု နှင့် ရေသန့် ရရှိနိုင်မှု အကန့်အသတ် များကြောင့် စစ်ဘေးရှောင်များအတွက် ကျန်းမာရေး ဆိုင်ရာ ပြဿနာများ (ယားနာဖြစ်ခြင်း၊ ဝမ်းရောဂါ ဖြစ်ခြင်းများ) ရင်ဆိုင်နေရသည်။



***မြို့နယ်အလိုက် ရေဝယ်သုံးသူ ရာခိုင်နှုန်း(Jan to April)***

| | |
|---|---|
| ဒီမော့ဆို | 76.7% |
| လွိုင်ကော် | 30% |
| ဖရူဆို | 30% |
| ဖယ်ခုံ | 80% |

### ရင်ဆိုင်နေရသော စိန်ခေါ်မှု များကို လတ်တလောတွင် ဖြေရှင်းသည့် နည်းများ

- တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး နှင့် မွေးမြူရေး လုပ်ကိုင်ခြင်း
- အစားအသောက် လျှော့ချစားသုံးခြင်း
- ချေးယူစားသုံးခြင်း
- မိမိ ပိုင်ဆိုင်သော အိမ်ခြံမြေ၊ ပစ္စည်းများ ရောင်းချခြင်း
- အလှူအကူအညီ တောင်းခံခြင်း
- မိသားစုများ/ဆွေမျိုးများအကြားတွင် အလှူရလာသော အစားအစာ၊ အရင်းအမြစ်များကို ခွဲဝေစားသုံးခြင်း။
- မိသားစုဝင် အချို့ နယ်ခြားတွင် အလုပ်သွား ရောက်လုပ်ကိုင်ခြင်း



## (ခ) သုံးသပ်ချက်များ

- နေ့စဉ်အစားအသောက် မလုံလောက်မှုကြောင့် ကလေးငယ် များ၊ သက်ကြီးသူများနှင့် မသန်စွမ်းသူများ၊ နာတာရှည်ရောဂါသည်များအတွက် အာဟာရချို့တဲ့မှု၊ အားနည်းခြင်း တို့ကြောင့် ကူးစက်ရောဂါ ခံရနိုင်မှုမြင့်တက်လာနိုင်သည်။
- အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် နှင့် အလှူရှင်၏ အကူအညီပေါ် များစွာမှီခိုနေမှုများသည် လူများ၏ လုပ်ကိုင်နိုင်စွမ်းကို ကျဆင်းစေပြီး မှီခိုစိတ်များ ဖြစ်စေလာ နိုင်သည်။
- စားဝတ်နေရေး အခက်အခဲများကြောင့် မိသားစုအတွင်း အငြင်းပွားမှုများ၊ အိမ်တွင်းအကြမ်းဖက်မှုများ၊ စိတ်ဖိစီးမှုများ၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ကျ ရောဂါများကို ဖြစ်ပေါ်စေနိုင်ပြီး မိမိကိုယ်ကို အဆုံးစီရင်မှုများ ဖြစ်လာနိုင်သည်။
- ဝင်ငွေရှာဖွေရန်အတွက် မသင့်လျော်သောအလုပ်များ၊ အန္တရာယ်များသော အလုပ်များ (ငွေတု သုံးခြင်း/ လိင်ပိုင်ဆိုင်ရာလုပ်ငန်း များ၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ ခိုးယူခြင်း/လုယက်ခြင်း) များ ပိုမို မြင့်တက် လာနိုင်သည်။
- ရေရှားပါးမှုနှင့် ရေသန့်မရရှိခြင်းသည် ကျန်းမာရေးပြဿနာ များစွာ ကို ဖြစ်ပေါ်လာစေနိုင်သည်။

### (ဂ) အကြံပြုချက်များ

- စစ်ဘေးရှောင် မိသားစုများအနေဖြင့် ကိုယ်တိုင်ဝင်ငွေ ရှာဖွေရန် အတွက် အခြေခံ အတတ် ပညာများ/သင်တန်းများ သင်ကြားပေးခြင်း (အိမ်တွင်းလက်မှုလုပ်ငန်းများ၊ အသေးစားစီးပွားရေး လုပ်ငန်းများ) စသည်ဖြင့် ဒေသနဲ့သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်း နှင့် ဝင်ငွေရရှိစေနိုင်သော စီမံကိန်းများကို ပိုမို တိုးမြှင့်ပံ့ပိုးသင့်ပြီး ရေရှည်အတွက် အလုပ်အကိုင် ဖန်တီးရေးသင်တန်းများ၊ ကျွမ်းကျင်မှု မြင့်တင် သင်တန်းများကိုလည်း စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။
- စားဝတ်နေရေးအခြေအနေကောင်းမွန်စေရန်အတွက် စားနပ်ရိက္ခာများ၊ အာဟာရစာများနှင့် အခြေခံ အသုံးအဆောင် ပစ္စည်းများကို လိုအပ်သော မိသားစုများထံရောက်ရှိစေနိုင်ရန် ထောက်ပံ့ပေးသင့်သည်။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် မသန်စွမ်းသူများ ရှိသည့် မိသားစုများအတွက် အထူးအလေးပေး ထောက်ပံ့မှုများ ပြုလုပ်ရန် လိုအပ်သည်။
- စားဝတ်နေရေးအခက်အခဲကြောင့် မိသားစုအတွင်း စိတ်ဖိစီးမှု များ၊ စိတ်ဓာတ်ကျခြင်းများ တက်လာနိုင်သောကြောင့် စိတ်ကျန်းမာရေး အထောက် အပံ့လုပ်ငန်းများ (Mental Health Support) ဆောင်ရွက် ရန်လိုအပ်သည်။
- **ရေရှားပါးမှုနှင့်** ရေသန့်မရှိခြင်းကြောင့် ကူးစက် ရောဂါများ အလွယ်တကူဖြစ်လာနိုင်ပြီး သန့်ရှင်းသော ရေသုံးစွဲနိုင်ရေးအတွက် နည်းလမ်းများ ဖော်ထုတ်ပြီး အသိပညာများ ပေးရန် လိုအပ်သည်။ ထို့အပြင် ရေသုံးစွဲမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းများ (WASH Campaigns) ကိုလည်း ပြုလုပ်ရန် လိုအပ်ပါသည်။

## (ဃ ) လူထုအသံ အသံများ

" စားဖို့သောက်ဖို့တွက်က အရမ်းပူပန်ရ တယ်။ အဓိကဆန်အတွက်ပဲ ဟင်းတွေက ဖြစ်သလို စားလို့ရတယ်။ ဆန်တစ်ခုပဲ တအား အခက်ခဲ ရှိတယ်။ အလှူရှင်ထောက်ပံ့ တာလည်းရတယ် ကိုယ့်ဘာသာကို ရုန်းကန် ရတာ လည်းရှိတယ်။ သူများမထောက်ပံ့ပဲ ကိုယ့်ဘာသာကိုယ် ရုန်းကန်ရင် ဘယ်တော့မှ မဖြစ်နိုင်ဘူး။ အလှူရှင်မကူညီတဲ့ လတွေဆို တအားစိတ်ပူ ရတယ်။ "

**" စားနပ်ရိက္ခာကတော့အခက်ခဲရှိတယ် ဒီနှစ် အတွင်းမှာ အလှူရှင်မလာတော့ အခက်ခဲ ရှိတယ် ဒီမှာကတော့ ဆန်တွေမရတာ မထုတ် တာ (၄)လ (၅)လရှိပြီပေါ့။ ဒီနှစ်အတွင်း မှာက ကွဲတွေဝင်ဖျက် ကုန်တော့အဲ့လောက် မရတော့ ဘူး၊ ဒီနှစ်စပါးထွက်တာက တစ်နှစ်စာဖူလုံမှု အတွက်တော့ မရှိတော့ဘူး အခက်ခဲရှိတယ်။ အခုမှာလဲအလုပ်မရှိတော့ ဝင်ငွေ အခက်ခဲ ရှိတယ်။"**

**"ကျွန်တော်တို့ရွာမှာက လမ်းပန်းဆက်သွယ် ရေးလည်းအရမ်းခက်ခဲလို့ ကုန်ပစ္စည်းသယ် ယူရတာအဆင်မပြေလို့ကုန်ဈေးနှုန်း အဆမတန်မြင့်နေတယ်။ ရွာကအမျိုးတွေဆီက နေ ကပ်စား ၊ဈေးစားနေရတဲ့ သူတွေ လည်း အများကြီးရှိကြတယ်။ လုပ်ကိုင်စား ရတာ အဆင်မပြေလို့ ဒီလိုဘဲကပ်စား ဈေးစား နေရတယ်။ သက်ကြီးရွယ်အိုလည်း ရှိကြ တယ်။ မသွားနိုင်မလာနိုင်ကြလို့ သားသမီး တွေဆီကနေဘဲ မှီခိုစားကြရတယ်။ သူတို့ လည်းအာဟာရနဲ့ ညီအောင်လည်း မစား သောက်ရဘူး။ "**

"အရင်တုန်းကဆို နည်းနည်းရှိတဲ့လူက လူငှားပြီး လယ်လုပ်ကြတယ် အခုသူတို့တောင် လူမငှားနိုင်တော့ဘူး။ အခုဆို စားစရာ မရှိတဲ့လူက ကိုယ့်ခြံကိုယ် နည်းနည်းစီရောင်းစားကြတော့ ကုန်တော့မယ်။ အခုပိုက်ဆံလည်း ဘာတန်ဖိုးမှမရှိ တစ်နှစ်လောက်စား တာနဲ့ကုန်တာပဲ။"

" လယ်ကတော့ မြေသြဇာပက်နိုင်ရင်တော့ ကောင်း တာပေါ့ အခုကျတော့ ငွေကြေးခက်ခဲလို့ နွားချေးကိုပဲ အမြဲပက်တော့ နွားချေးက အပင်သန်ပေမယ့် မြေသြဇာ လောက်မမှီဘူးလေး။ မြေသြဇာကလည်း အခုဆို တစ်သိန်းကျော်ဆိုတော့ မဝယ်နိုင်ကြဘူးလေး အဲ့ကြောင့် အထွက်နှုန်းတော့နည်းတာပေါ့။ အရင်က နဲ့နှိုင်းရင် သုံးပုံမှာ တစ်ပုံလောက်ပဲ ရတယ်။ လယ်လုပ်တဲ့လူက လယ်ပဲရှိ တော့လယ်ပဲလုပ်ရတယ်။ အန္တရာယ်ရှိတဲ့နေရာဆို လယ်မလုပ်ပဲနဲ့ ဒီတိုင်းပဲချန်ထားလိုက်ရတယ်။ အခုလုပ်တဲ့ နေရာမှာတောင် လက်နက်ကြီးလာကျတယ်လေး။ လုပ်သာ လုပ်တာ ကိုယ့်သေနေ့က လယ်ထဲဘယ်ချိန်သေမလဲပဲ တွေးနေ ရတယ်။ "






**" အဒေါ်တို့ မိသားစုက တစ်ရက်လုပ်မှ တစ်ရက်စားရတော့ စားဝတ်နေရေး ပိုင်းမှာ တအားအခက်ခဲတွေ့တယ်။ အဒေါ် တို့မိသားစုဝင်က(၆)ယောက်ရှိ တယ်။ အခုက အဒေါ်တို့မှာ ဆန်ကုန်တော့မယ်။ နောက်လကနေစပြီး ဘယ်လိုလုပ် ရမလဲဆိုတာကိုတွေးပြီး ပူပန်နေရတယ်။ ဆန်၊ဆီ၊ဆားဝယ်ဖို့က လည်း အဆင်မပြေတော့ဘူး။ ဝင်ငွေရဖို့က နေ့စား အလုပ်လိုက်လုပ်တာပဲရှိ တယ်။ တစ်ရက်မှ တစ်သောင်းပဲရ တာပေါ့နော။ ရလာတဲ့တစ်သောင်းက ဆန်၊ ဆီ၊ဆား၊ကြက်သွန်ကအစ ဝယ်ရတာဆိုတော့ မလုံလောက်ဘူး။ အရင်နှစ်မှာ တော့မြေပဲစိုက်ပျိုးရပါတယ်။ နည်းနည်းပဲရောင်းလိုက်ရသေးတယ်။ ကျန်တဲ့ နှုတ်ပြီးသားတွေက ရေကြီးတဲ့ထဲမှာအကုန်ပါသွားတယ်။ အဲ့အချိန်ဆိုအဒေါ်တို့ မိသားစုကစားဝတ်နေရေးဖြေရှင်းဖို့ကတအားအခက်ခဲတွေ့တယ်။ ဆန်လည်း မဝယ်စားနိုင်တော့ခရုတွေလိုက်ကောက်ပြီးရှိတဲ့ဟာလေးတွေနဲ့ပဲဆန်ပြုတ်လုပ် သောက်ခဲ့ရတယ်။ အခုလောလောဆယ်မှာက ဆန်လိုရင်သူများတွေဆီမှာ သွားပြီးချေးယူပြီး ဖြေရှင်းသွားမယ်လို့ တော့စဉ်းစားထားတယ်။"**

" အရင်တုန်းကဆို ထမင်း သုံးနပ်စားတယ်။ အခု ဆို အလှူရှင်က မရှိတော့ တစ်နပ်လျှော့စားလိုက်တယ်။ အသား၊ ငါးဟင်းဆိုရင်လည်း ဝေးဝေးမှတစ်ခါပဲ စားတယ်။ ဒီရှေ့ဆက် ဘယ်လိုဆက်သွားရမလဲ မသိ စိုးရိမ်ပူပန်ရ တယ်။ တချို့ကတော့ မိသားစုများတော့ ဆန်ပြုတ်စား ရတဲ့ မိသားစုလေးရှိရင်ရှိလိမ့်မယ်။ ကျွန်မတို့ လိုမျိုး ဆိုရင် နောက်ကျရင် ဘယ်လိုရှာ စားရမလဲ တွေးတောင် မတွေးရဲ ဘူး။ ပြီးခဲ့တဲ့ တစ်နှစ်ကစပြီး စားနပ်ရိက္ခာပိုခက်ခဲလာတယ်။ ဝေးဝေးမှတစ်ခေါက်လာလှူတာမျိုးပဲရှိတယ်။"

" အခုဈေးနဲ့ဆိုရင် တစ်ရက်လုပ်ရင် တစ်ရက်စားစာပဲရ တယ်လေး။ အဲ့တာတောင်မိသားစုများတော့မလောက်တဲ့ မိသားစု ရှိတယ်။ ကလေးဆိုတော့ ထမင်းတစ်ခေါက်စားရင် နို့ဆီဘူးချက် နှစ်ဘူးစာ လောက်စားတာ။ သူတို့လေးတွေက သရေစာ မစားရဘူးလေ ဒီဟင်းရည် လေးကိုပဲ အားပြုစား နေရတာ။ တစ်ခါတလေဆို စပါးလင်ပင်ကို ထောင်းပြီး ထမင်းနဲ့စားတာ လည်းရှိတယ်။ မုန့်ဆိုတာဘာမှန်းမသိဘူး။ အလုပ်ကရလာတဲ့ ပိုက်ဆံနဲ့ဆိုရင် စားဖို့သောက်ဖို့ လျှော်မယ် ဖွတ်မယ် ဆပ်ပြာက အစသုံးဖို့ ဝယ်ရမယ်။ ဒါတောင်မှ ရေမပါသေးဘူး။"



"စားနပ်ရိက္ခာလုံလောက်မှုမရှိတာလည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု အများကြီးဖြစ်စေတယ်။ အထူးသဖြင့် အမျိုးသမီးတွေ ပေါ့ နောက် နေ့ ဘာဟင်းချက်ရမလဲ ပဲပူနေရတယ်။ ပြီးတော့ အမျိုးသမီး အများစုက အရင်ကကွမ်းမစားဘူး ဒီစစ်ရှောင်ပြီး နောက်ပိုင်း ကွမ်း တွေဝါးလာ တယ် အဲ့တာကလေး တစ်ခုခုကို မေ့စေတယ်။ ဘီယာ သောက်တာလည်း စိတ်ပိုင်းဆိုင်ရာအများကြီး သက်သာလာသလို လည်း ဖြစ်နေ တယ်။ နိုင်ငံရေးပဋိပက္ခ ကြောင့် လက်ရှိကျွန်မတို့က အရွယ်နဲ့ မလိုက်အောင် သွေးတိုးတတ်လာတယ် လေဖြတ်တယ် ရုပ်ကျသွား တာတွေအများကြီးတကယ် ဒုက္ခရောက်သွားတယ်။ "

# အခန်း (၂) ပညာရေး အခြေအနေ နှင့် ကျန်းမာရေး

## ပညာရေး

### (က) တွေ့ရှိချက်

#### မိဘများ၏ ပညာရေးထောက်ပံ့မှုအခက်အခဲ

1. မိဘများသည် ငွေရေးကြေးရေးအခက်အခဲကြောင့် ကလေးများအတွက် စာအုပ်၊ ကျောင်းလခ၊ သင်ကြားရေးပစ္စည်းများ ဝယ်ယူပေးနိုင်ရန် အခက်အခဲရှိသည်။ အလုပ်အကိုင်မရှိခြင်း၊ စားဝတ်နေရေးအခက်အခဲများကြောင့် ပညာရေးကို ဦးစားပေးနိုင်မှု လျော့နည်းလာသည်။
2. တချို့မိသားစုများတွင် ကျောင်းလခအနည်းငယ်ပေးနိုင်သော်လည်း မပေးနိုင်သည့် မိဘများလည်း ရှိသည်။ မိဘ ငွေကြေးအခက်အခဲများကြောင့် ကျောင်းမတက်ရသော ကလေးများ လည်း ရှိသည်။



3. ပညာရေးအတွက် အလှူရှင် ထောက်ပံ့မှုသည် တပြည်နယ်လုံးအတွက် လွှမ်းခြုံထောက်ပံနိုင်ရန် အကန့်အသတ်များ ရှိသည်။ မိဘများမှ ဆရာ/မ များကို မုန့်ဖိုး၊ လစာအနည်းငယ်သာ ထောက်ပံ့ပေးနိုင်သည်။ တချို့သော နေရာများတွင် ဆရာမများအတွက် စားသောက်စရိတ် အနည်းငယ်ကိုသာ ထောက်ပံ့ပေးနိုင်ကြသည်။

#### ကလေးများ ကျောင်းထွက်မှု

1. မိဘများ၏ စားဝတ်နေရေးအခက်အခဲ၊ ငွေကြေးအခက်အခဲများကြောင့် တချို့ကလေးများ ကျောင်းမတက်နိုင်၊ ကျောင်းထွက်သွားရသည်။
2. အသက်ကြီးသောကလေးများသည် အတန်းတက်ရန်အတွက် ရှက်ရွံ့ခြင်းနှင့် စာစိတ်ဝင်စားမှု အားနည်းသည့်အတွက်ကြောင့် ကျောင်းထွက်မှု ရှိသည်။
3. တချို့ ကလေးသည် စာစိတ်ဝင်စားမှုရှိသော်လည်း စာမလိုက်နိုင်ခြင်းကြောင့် ကျောင်းထွက်သွား ရသူများ ရှိသည်။



#### သင်ကြားရေး သင်ထောက်ကူပစ္စည်းများ

1. စာသင်ကျောင်းအများစုသည် ကျောင်းသင်ထောက်ကူပစ္စည်း (ဖတ်စာအုပ်၊ ရေးစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ သင်ထောက်ကူပစ္စည်း) လုံလောက်မှုမရှိဘဲ ပညာသင်ကြား နေရသည်။ ကျေးရွာနှင့် စခန်းများတွင် ကျောင်းကို အများဆုံး Grade 5/6 ထိသာ ဖွင့်ထားနိုင်ကြသည်။ မူကြိုကျောင်းများကို နေရာအနည်းငယ်တွင် ဖွင့်နိုင်ပြီး မူကြိုကလေးများ အတွက် ကလေးကစားစရာ ပစ္စည်းများ အလွန်လိုအပ်နေသည်။
2. အတန်းခွဲအားလုံးအတွက် ကျောင်း ဆောင်သီးသန့်မရှိဘဲ အဆောင်တခုတွင်သာ ဝိုင်းသင်ရသည့်အတွက် ကလေးများ လွတ်လပ်စွာ စာသင်ကြားနိုင်ရန်အတွက် နေရာအခက်အခဲများ ရှိသည်။ ကျေးရွာများတွင် ကျောင်းဆောင် လိုအပ်ချက် ရှိသည့်အတွက် ကျေးရွာရှိ ဘုရားကျောင်းဟောင်း၊ ရွာခန်းမဆောင် စသည့်နေရာများတွင် သင်ကြားမှု
3. အလှူရှင်ထံမှ ရေးစာအုပ်၊ ဖတ်စာအုပ်အချို့ ရရှိသော်လည်း မလုံလောက်သဖြင့် မိဘများက ကိုယ်တိုင် ဝယ်ပေးရသည်။
4. ကျောင်းများတွင် အိမ်သာလုံလောက်မှု မရှိသေးခြင်း၊ ယင်လုံအိမ်သာ မရှိခြင်း ရှေရှားခြင်း ကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် စိန်ခေါ်မှု အဖြစ်ရှိ နေသည်။



#### လုံခြုံရေး


1. တိုက်ပွဲအခြေအနေ၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းအမြန်ပိတ်ခြင်း၊ ကျောင်းပိတ်ရက် မတိုင်မီ ပိတ်ခြင်းများရှိသည်။ လုံခြုံရေးအန္တရာယ်ကြောင့် ကျောင်းတွင် ပုန်းခိုကျင်း၊ အရေးပေါ် လေ့ကျင့်မှုများ ပြုလုပ်ထားကြသည်။ တစ်ခါတစ်ရံ ကူးစက်ရောဂါများဖြစ်ပေါ် လာလျှင် လည်း ကျောင်းများ ပိတ်ထားရသည်။
2. ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ၂၀၂၅ ခုနှစ်တွင် ကျောင်းပိတ်ရခြင်း နည်းလာပြီး ပိုမိုပုံမှန် စာသင်ကြားလာနိုင်သော်လည်း လေယာဉ်ဝဲခြင်း၊ လက်နက်ကြီးကျခြင်းကြောင့် အရေးပေါ်ပိတ်ရခြင်းများရှိနေဆဲဖြစ်သည်။
3. ကျောင်းဆောင်အဟောင်းများ ပျက်စီးနေခြင်း၊ အမိုး၊ အကာ၊ အခင်း မလုံလောက်ခြင်းကြောင့် မိုးရာသီတွင် သင်ကြားမှု အတားအဆီး ဖြစ်စေ သည်။ ကျောင်းဝန်းလုံခြုံမှု များ ရှိရန်လည်း လိုအပ်နေသည်။



## ဆရာ/မ လုံလောက်မှုနှင့် သင်ကြားမှု အရည်အသွေး

1. တချို့ဒေသများတွင် ဆရာ/ဆရာမ လုံလောက်မှုရှိသော်လည်း လုံခြုံရေးအန္တရာယ် (လေယာဉ်ဝဲခြင်း၊ လက်နက်ကြီးကျခြင်း) ကြောင့် စိတ်ချမှု မရှိသော အခြေအနေများရှိသည်။ ကျောင်းသားဦးရေများသည့် ကျောင်းများနှင့် အတန်းခွဲများသည့် ကျောင်းများတွင် ဆရာ/မ များ လိုအပ်နေသေးသည်။
2. လူငယ်များသည် ဆရာ/မများ မုန့်ဖိုး အနည်းငယ်သာရ သည့် အတွက် ဆရာ/မ လုပ်ရန် စိတ်ဝင်စားမှု အားနည်းကြသည်။ စေတနာ့ဝန်ထမ်း လုပ်ကိုင်လိုသူများ လျော့ကျလာသည်။
3. မိဘများသည် ကလေး၏ပညာရေးအတွက် ပိုမိုထိ ရောက်သော သင်ကြားရေးစနစ်ဖြစ်လာရန် နှင့် အရည်အသွေး ပြည့်ဝသော ဆရာ/မများစွာ ရှိလာစေရန် မျှော်လင့်နေသည်။
4. သင်ထောက်ကူပစ္စည်း မလုံလောက်ခြင်းနှင့် လုံခြုံရေး အန္တရာယ်များကြောင့် ကျောင်းမကြာခဏ ပိတ်ရခြင်းတို့ ကြောင့် သင်ကြားမှု/ထိရောက်မှု ကျဆင်းလာသည်။
5. စာသင်ကြားမှုအပြင် လက်မှုပညာ သို့မဟုတ် အသက်မွေးဝမ်း ကျောင်းသင်တန်းများ လိုအပ်သော်လည်း သင်ကြားပေးနိုင်ရန် အရင်းအမြစ် အကန့်အသတ်များ စွာရှိနေသည်။






၅ = ပြဿနာအလွန်ပြင်းထန် (ဥပမာ - ကျောင်းအများစုပိတ်၊ သင်ထောက်ကူပစ္စည်းမရှိ၊ ကျောင်းထွက်နှုန်းမြင့်)
၄ = ပြဿနာပြင်းထန် (ဥပမာ - အလှူရှင်/ပစ္စည်းအနည်းငယ်သာရ၊ ပိတ်ဖွင့်များ၊ ထွက်သူများ)
၃ = အလယ်အလတ်ပြဿနာ
၂ ကောင်းမွန်
၁ အလွန်ကောင်း

### (ခ) သုံးသပ်ချက်

- ဆရာ/မ မလုံလောက်ခြင်း၊ ဆရာ/မ လစာနည်းပါးခြင်း၊ အရည် အသွေးပြည့်ဝမှု အားနည်းခြင်း၊ သင်ထောက်ကူပစ္စည်း မလုံလောက် ခြင်း၊ လုံခြုံရေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကြောင့် ကျောင်း မကြာခဏပိတ်ရခြင်း၊ လုံလောက်သော ကျောင်းဆောင်/လုံခြုံသော ကျောင်းဆောင်ရှိရန် ပြုပြင်မွမ်းမံနိုင်ရန် အားနည်းခြင်းတို့ကြောင့် သင်ကြားမှု/ထိရောက်မှု အားနည်းလာနိုင်ပြီး ကျောင်းသူ/သားများ၏ စာသင်ယူမှု စွမ်းရည် လျော့နည်းလာနိုင်သည်။
- ရေရှည်တွင် စားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းထွက်သူများ တိုးလာနိုင်ပြီး၊ အနာဂတ်တွင် လူငယ် ပညာရေးလက်လှမ်းမမှီခြင်းတို့ကြောင့် လိုအပ်သော လူ့အရင်းအမြစ်များ လျော့နည်း လာနိုင် သည်။

### (ဂ) အကြံပြုချက်များ

- ကျောင်းများတွင် သင်ကြားမှုအရည်အသွေး တိုးတက်စေရန်အတွက် ဆရာ/မအရေအတွက်ကို လုံလောက်အောင် တိုးမြှင့်ပေးရမည်ဖြစ်ပြီး ဆရာ/မများ၏ စိတ်ဓာတ်ကျခြင်းများကို ကာကွယ်ရန်နှင့် ဝန်ထမ်းအဖြစ် တာဝန်ယူစွမ်းဆောင်ရေး မြှင့်မားလာစေရန်အတွက် အကျိုးခံစားခွင့်နှင့်ပတ်သက်သည့် ထောက်ပံ့မှုများကို တိုးမြှင့်ပေးရန် လိုအပ်သည်။
- သင်ကြားရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သင်ထောက်ကူပစ္စည်းများ နှင့် ကျောင်းခန်း အဆောက်အအုံများကို လုံလောက်အောင် ထောက်ပံ့ရန် လိုအပ်သည်။
- ကလေးများ၏ ပညာရေးဆက်လက်တက်ရောက်နိုင်ရေးအတွက် မိဘများ၏ စိတ်ဝင်စားမှုနှင့် ပါဝင်မှုများသည် အရေးကြီးသည့်အတွက် မိဘများအတွက် ပညာရေး၏ အရေးပါမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်။

### (ဃ) လူထု နှင့် ပညာရေး ဝန်ထမ်း အသံ

" ပညာရေးမှာက ကျောင်းခန်းက လုံလောက်မှုမရှိဘူး ။ အခန်းကတစ်ခန်းကိုမှ အတန်း 2 တန်းပေါင်း သင်နေ ရတယ်။ ဒါကြောင့်စာသင်ရတာ အဆင်မပြေဘူး။ ကလေးတွေလည်း နိုင်ငံရေးဖြစ်ပြီးကတည်းက ကျောင်း မနေကြတာ ကြာတဲ့ အတွက် စာလည်းမလုပ်ချင်ကြတော့ဘူး အတော်လည်း ဆိုးလာကြတယ်။ သင်ထောက်ကူလည်းမလုံလောက်ဘူး။ ကလေးစာရေးကိရိယာ၊ ကျောင်းဖတ် စာအုပ်လည်း လိုအပ် နေတယ်။ အချို့ကျောင်းသားမိဘလည်းဘဲ ကလေးကျောင်း လစဉ်ကြေးမပေးနိုင်လို့ ကလေးကို ကျောင်းနားခိုင်းတာ တွေလည်းရှိကြတယ်။"

**" ကျောင်းရှိတယ် (၇) တန်းထိ၊ ကျောင်းဆိုလဲနှစ်လုံးရှိတယ် ဒါပေမဲ့တစ်လုံးကအဟောင်းဘဲဆိုတော့ အမိုးတွေပြိုကုန်တယ် မိုးရွာရင်မိုးတွေယိုတယ် ဒါကြောင့်အဆင်မပြေဘူး ကျောင်းခန်းတွေတော့ အခန်းထပ်ခွဲဖို့ဆို လဲမလုပ်နိုင်ဘူး၊ အခုက အခန်းက တစ်ခန်းနဲ့တစ်ခန်း နီးနေတော့ မြင်ရတွေ့နေရတော့ ဆရာ/မ တွေဆိုလဲ ကိုယ့်ကလေးတွေ စာသင်တာနဲ့ ကိုယ့်အသံနဲ့ သူ့အသံ နဲ့ဆို အဆင်မပြေဘူး သင်ထောက်ကူပစ္စည်းဆို လုံလောက်မှု မရှိဘူး ကျောင်းသင်ပုန်းတွေ၊ မင်ရည်တွေ ဆော့ပင်တွေမရှိ မလုံလောက်ဘူး"**

" ပညာရေးပိုင်းကိုပြောမယ်ဆို ရွာမှာ ဆရာ/မ က လုံလောက်မှု မရှိဘူး။ အတန်းက ၅ တန်း ထိဖွင့်ထား တယ်။ ဆရာ/မက ၃ ယောက်ထဲဘဲ။ ကျောင်း သင်ထောက်ကူလည်းမလုံမလောက်နဲ့ဘဲ ဆရာ/မက စာသင်နေရတယ်။ ကျောင်းဖတ်စာအုပ်၊ ကလေးစာရေး ကိရိယာ ခဲတံ၊ ခဲဖျက်၊ ဘောပင် ကစ လိုအပ် နေကြတယ်။ မူကြိုကျောင်းကမဖွင့်ထားဘူး ။ကျောင်း အိမ်သာကလိုအပ်နေသေးတယ်။ ကျောင်းက လုံခြုံမှုလည်း မရှိသေးဘူး။ "

" ကလေးအငယ်(၃)ယောက်က ကျောင်းတက်သေးတယ်။ အကြီးတစ်ယောက်က ရဲဘော်လုပ်တယ် အလတ်တစ်ယောက် ကတော့ အလုပ်အိမ်မှာ ကူလုပ်ပေးတယ်။ သူတို့ လေးတွေ ပညာကောင်းမွန်စွာသင်ရဖို့ ကျောင်းလခတွေ ပုံမှန်ပေးရတယ်။ သူတို့က ကျောင်းဖတ်စာအုပ်၊ ဘောပင်၊ ခဲတံတို့ အဓိကလိုတယ်။ ကျောင်းဖတ်စာအုပ်တော့ ဝယ်စရာမလိုဘူး တက်ပြီးသားလူက ဖတ်စာအုပ်ကို ပြန်အပ်ပြီး နောက်နှစ်ကျောင်းသားတွေကို ပြန်ပေးဖတ်တယ်။ တချို့မစုံဘူး မလောက်တဲ့ခါကျတော့ ပြန်ဝယ် ရတာ ရှိတယ်။ သူတို့ကျောင်းတက်တဲ့ချိန်စိတ်ပူရတယ်။ ဒါပေမယ့် ကံပဲလို့တွေးယူပြီး ကျောင်းထားရတယ်။ ကလေးတွေ လမ်းသွားလမ်းလာ လမ်းဖြတ်ရတာရှိတော့ ယာဉ်အန္တရာယ် စိုးရိမ်ရတယ်၊ လေယာဉ်လာမှာလည်း စိုးရိမ်ရတယ်။ တတ်နိုင် သလောက်တော့ မိဘက ကလေးကို ပညာရေး ထောက်ပံ့ပေး တာရှိတယ်။ ကိုယ့်တုန်းကလိုတစ်ဝက်တစ်ပျက်နဲ့ ကျောင်း မပျက် စေချင်ကြဘူး။"

" ပညာရေးပိုင်း ဆရာ/မမုန့်ဖိုးကို အလုံလောက်ကူညီ ထောက်ပံ့ စေချင်တယ်။ မိဘကဝင်ငွေမရှိပါဘူးဆို တစ်လတစ်ယောက်ကို (၅၀၀၀) ဆိုရင် လေးယောက်ကျောင်းတက်နေတဲ့ကလေးဆိုရင် နှစ်သောင်း မိဘကတစ်လမှ ဝင်ငွေနှစ်သောင်းတောင် မရှိတော့ တအားကိုခက်ခဲတယ်။ ဆရာ/မရတဲ့မုန့်ဖိုးက အနည်းဆုံးတော့ တစ်လ ဆန်တစ်အိတ်ဖိုး လောက်တော့ရတာပေါ့။ ဆရာမ တစ်ယောက် ဆိုရင်အနည်းဆုံး သုံးသိန်းခွဲလောက်ရမှ ဆန်၊ဆီ ၊ဆားတို့ ဝယ်လို့အဆင်ပြေမှာလေး။ ဆရာမကတွေကလည်း စေတနာနဲ့သင်ပေးပါတယ်။"

## ကျန်းမာရေး

### (က) တွေ့ရှိချက်

#### ဆေးဝါးလက်လှမ်း မှီနိုင်မှု

1. ကျေးရွာအများစုနှင့် စစ်ရှောင်စခန်းအများစုတွင် ဆေးခန်း၊ ဆေးပေးခန်း မရှိသည့် အတွက် အုပ်စုအတွင်းရှိ ဆေးပေးခန်းတွင်သာ သွားရောက်ကုသ ကြသည်။ ဆေးပေးခန်း မရှိသော ကျေးရွာ/စစ်ရှောင်များတွင် နေမကောင်းဖြစ်လျှင် ဆေးရှိသောမိသားစုများထံတွင် ဆေးတောင်းသောက်ပြီး ဆေးဝါးရရှိသည့်အခါတွင် အစားထိုးပြန်ပေး ကြသည်။
2. ငွေကြေးအခက်အခဲများကြောင့် နှင့် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများ ကြောင့် ဆေးဝယ်သောက်ရန်အတွက် စိန်ခေါ်မှုများစွာရှိနေကြသည်။ ရှိနေပြီးသော ဆေးခန်းတွင် ဆေးဝါးပြတ်လပ်ခြင်းများ ရှိနေပြီး နာတာရှည်ရောဂါသည် များ (ကင်ဆာ၊ သွေးတိုး၊ လေဖြန်း) မသန်စွမ်းများအတွက် ဆေးဝါးရရှိနိုင်ရန် အခက်အခဲများ ကြုံတွေ့ရသည်။
3. စစ်ကောင်စီမှ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ဖြတ်တောက်မှုရှိခြင်း၊ တိုက်ပွဲအခြေအနေများကြောင့် ကုန်စည်လမ်းကြောင်းများ ပိတ်ခံရခြင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် လမ်းပျက်စီးခြင်းများကြောင့် ဆေးဝါးများ ရရှိနိုင်မှု အကန့်အသတ်ရှိပြီး ဆေးဝါးဈေးနှုန်းများ ဆထက်မြင့်တက်လာခြင်းကြောင့် လူထုနှင့် စစ်ရှောင်များအတွက် ပိုမိုအကြပ်အတည်း ဖြစ်စေသည်။

#### ကျန်းမာရေးဝန်ဆောင်မှုရယူမှု

1. ဆေးရုံးဆေးပေးခန်း ဝေးခြင်း၊ လမ်းခရီးကြမ်းတမ်းခြင်း၊ ကားငှားစရိတ် မြင့်မားခြင်းစသည့် အခက်အခဲများကြောင့် အရေးပေါ်လူနာများ ဆေးကုသမှုခံယူရန် အတွက် စိန်ခေါ်မှု မြင့်တက်လျက်ရှိသည်။
2. နယ်လှည့် ကျန်းမာရေးအဖွဲ့များ ကွင်းဆင်းကုသပေးမှုများရှိသော်လည်း လစဉ် နှစ်လ တစ်ခါသာလာနိုင်ပြီး၊ မိုးရာသီ လမ်း/ပျက်စီးမှုများကြောင့် မရောက်နိုင်သောအခါများရှိသည်။
3. နာတာရှည်ရောဂါသည်များ အတွက် ဆေးဝါးဈေးကြီးခြင်း၊ ဝေးလံသောဒေသတွင် နေသည့်ကလေးသူငယ်များ ကာကွယ်ဆေးလက်လှမ်းမှီမှု အားနည်းခြင်းများ တွေ့ရသည်။ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများသည် ကျန်းမာရေး ဝန်ဆောင်မှု ဆေးကုသမှုခံယူရန် အခက်အခဲများစွာ ကြုံတွေ့ရသည်။
4. မိသားစုဝင်အချို့သည် ဆေးဝါး မရှိခြင်း နှင့် ငွေကြေးအခက်အခဲများကြောင့် ရောဂါဖြစ်လာလျှင် ချက်ချင်း ကုသနိုင်ရန် အခက်အခဲများ ရှိသည်။ ပြည်နယ်အတွင်း ကုသရန် အကန့်အသတ်ဖြစ်သော နာတာရှည်ရောဂါ (ဥပမာ- လေဖြန်းရောဂါ၊ ကင်ဆာ၊ သွေးတိုး၊ ဆီချို,..) များရှိသည့်သူများအတွက် ဆေးကုသမှုရယူရန် ပိုမိုခက်ခဲသည်။ တခြား ပြည်နယ်များသို့ သွားရောက်ကုသမှုများ ပြုလုပ်ရသည့်အတွက် ကုန်ကျစရိတ်ကြီးမားပြီး လုံခြုံရေးအန္တရာယ်နှင့်လည်း ရင်ဆိုင်ရသည်။ အရမ်းခက်ခဲသော မိသားစုများ သည် ဆေးကုသမှု ခံယူခြင်း မရှိသည့် အခြေအနေများလည်း ရှိသည်။





### ကျန်းမာရေးအသိပညာပေးခြင်း

1. ပြည်နယ်အတွင်း ကျန်းမာရေးအသိပညာပေး အစီအစဉ်များ ပြုလုပ်မှု အားနည်းနေပြီး လူထုများသည် ကျန်းမာ ရေးဆိုင်ရာ အသိပညာဗဟုသုတများ နည်းပါးကြသည်။
2. တချို့ဒေသများတွင် အိမ်သာခွက်များ ပေးသော်လည်း အိမ်သာဆောက်လုပ်အသုံးပြုမှု မရှိခြင်းကိုလည်း တွေ့ရှိရသည်။
3. စစ်ရှောင်အများစုတွင် ဆောက်လုပ်ထားသော အိမ်သာအများစုသည် စနစ်ကျမှု မရှိသည်ကိုလည်း တွေ့ရသည်။
4. ရေရှားပါးခြင်းနှင့် ရေသန့်ရရှိမှု အကန့်အသတ် များသည် လည်း လူထုများအတွက် တစ်ကိုယ်ရေသန့်ရှင်း ပြုလုပ်နိုင်ရန် အခက်အခဲများဖြစ်စေသည်။



<table>
<tr><th colspan="5">လအလိုက် အဖြစ်များဆုံး ရောဂါများ</th></tr>
<tr><th>Jan</th><th>Feb</th><th>Mar</th><th>April</th><th>မှတ်ချက်</th></tr>
<tr><td>နှာစီး/ချောင်းဆိုး<br>ခေါင်းကိုက်<br>ဝမ်းပျက်ဝမ်းလျှော</td><td>ယားယံခြင်း<br>ဝမ်းလျှောဝမ်းပျက်<br>ဖျားနာခြင်း</td><td>ယားယံခြင်း<br>ဝမ်းလျှောဝမ်းပျက်<br>ရာသီတုပ်ကွေး</td><td>ယားယံခြင်း<br>ဖျားနာခြင်း<br>ခေါင်းကိုက်/ခေါင်းမူး<br>ချောင်းဆိုးခြင်း<br>ပါးကြိတ်ရောင်ခြင်း</td><td>- ဝမ်းပျက်ဝမ်းလျှောနှင့် ယားယံခြင်း ရောဂါသည် ကလေးငယ်များတွင် အဖြစ်များသည်။<br>- အာဟာရချို့တဲ့မှုကြောင့် ကလေးများ၊ သက်ကြီးရွယ်အိုများ ကိုယ်ခံအား အားနည်းနေကြသည်။<br>- ကျန်းမာရေးဗဟုသုတနည်းပါးကြသည်</td></tr>
<tr><td colspan="5">ငှက်ဖျားရောဂါများ ဖြစ်ပွားမှု မြင့်တက်လာသည်။</td></tr>
</table>

### (ခ) သုံးသပ်ချက်

**၁။** ဝမ်းပျက်ဝမ်းလျှော၊ ယားယံခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါများသည် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အတွင်း အထူးအဖြစ်များလာနိုင်သည်။ **ကလေးသူငယ်များတွင်** ကာကွယ်ဆေး အပြည့်အဝ မထိုးနိုင်ခြင်း၊ အဟာရပြည့်ဝမှု မရရှိသည့် အတွက် ကလေးသူငယ်များတွင် ရောဂါများ ဖြစ်ပွားရန် လွယ်ကူနိုင်သည်။

**၂။** ဆေးဝါးဈေးကြီးခြင်းနှင့် ရှားပါးမှုတို့ကြောင့် ကင်ဆာ၊ သွေးတိုး၊ လေဖြန်း စသည့် နာတာရှည် ရောဂါရှိသူများသည် ဆေးမရ၊ ကုသနိုင်မှု မရှိသဖြင့် ရောဂါပြင်းထန်လာခြင်း သို့မဟုတ် အသက်ဆုံးရှုံးမှု တိုင်အောင် ဖြစ်လာနိုင်သည်။

**၃။** အိမ်သာမလုံလောက်ခြင်း၊ ရေမရှိခြင်း၊ သန့်ရှင်းသောရေ ရရှိရန် အခက်အခဲများအကြောင့် တကိုယ်ရည် သန့်ရှင်းမှု၊ ပတ်ဝန်းကျင်း သန့်ရှင်းမှု မရှိသည့်အတွက်ကြောင့် ရောဂါအသစ်များ ဖြစ်ပေါ်လာပြီး လူအများအတွက် ကျန်းမာရေးအန္တရာယ်ဖြစ်နိုင်သည်။



### (ဂ) ကျန်းမာရေးအတွက် အကြံပြုချက်များ

၁။ စစ်ဘေးရှောင်ရွာများနှင့်စခန်းများတွင် ဆေးပေးခန်း၊ ဆေးခန်းများ ထားရှိပေးခြင်းနှင့် ကျွမ်းကျင် ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးရန် လိုအပ်သည်။

၂။ အရေးပေါ်လူနာများအတွက် သွားလာလွယ်ကူရေး၊ အထောက်အပံ့ စနစ်တည်ဆောက်ရန် လိုအပ်သည်။ နာတာရှည်ရောဂါသည်များ အတွက် လည်း အထူးထောက်ပံ့မှုများ လိုအပ်သည်။

၃။ ဝမ်းပျက်ဝမ်းလျှော၊ ယားယံခြင်း စသည့်ရောဂါများကို ကာကွယ်နိုင်ရန် ရေသန့် ပြုလုပ်နိုင်သည့် နည်းလမ်းများ အသိပညာပေးခြင်းနှင့် အိမ်သာများ စနစ်တကျဆောက်လုပ်ပြီး အသုံးပြုနိုင်ရန် ဆောင်ရွက်ရန် လိုအပ်သည်။

၄။ လူထုအနေဖြင့် ရောဂါလက္ခဏာများ၊ ကာကွယ်နည်းများနှင့် အရေးပေါ်အခြေအနေများတွင် မည်သို့တုံ့ပြန်ရမည်ကို သိရှိစေရန် ကျန်းမာရေးသင်တန်းများ၊ ပံ့ပိုးမှုအသိပညာပေး လှုပ်ရှားမှုများ စနစ်တကျ ဆောင်ရွက်သင့်ပါသည်။

### (ဃ)လူထုအသံ

**"စိတ်ပိုင်းဆိုင်ရာကိုပြန်ကြည့်မယ်ဆိုရင် ဒီလိုအာဏာသိမ်းကာလမှာ စစ်ဖြစ် ကြတော့ ပြည်သူတွေအိုးအိမ်တွေ ပျက်စီးဆုံးရှုံးကုန်တယ်၊ တချို့ဆိုလည်း သားသမီးတို့ ဆုံးရှုံးရတာလည်းရှိ ကြတယ်။ ဒါကြောင့်တချို့ မိဘတွေဆိုရင် စိတ်နှင့်လူ မကပ်တော့တဲ့ အခြေအနေမျိုးလည်းရှိကြတယ်။ အချို့မိသားစုဆိုရင်လည်း မစားနိုင်မသောက်နိုင်ကြတော့လို့ ကျန်းမာရေးချို့တဲ့သည့်အခြေအနေမျိုးထိ ဖြစ်သွားတာလည်းရှိကြတယ်။"**

" **ကျန်းမာရေးက** ကျွန်မတို့ဒီစစ်ရှောင်မှာ ဆေးရုံ၊ဆေးပေးခန်း ကလည်း မ ရှိဘူး။ ဆေးဝါးနားလည် သည့် ဆရာ/မကရှိပေမဲ့ သူ့အလုပ်နှင့်သူဖြစ်နေသည့်အတွက် အချိန်ပြည့် ဒီမှာရှိမပေးနိုင်ဘူး။ အခုက ကလေးဝမ်းလျှော ဝမ်းပျက် လည်း အတော်ဖြစ်နေကြတယ်။ အော့အန်တာလည်း ဖြစ်တယ်။ တုပ်ကွေး လည်း ဖြစ်နေကြသေးတယ်။ အဓိက ယားယံတာ တွေအများကြီး ဖြစ်နေတယ်။ "

" ဒီမှာက အရေးပေါ် ဖြစ်လာရင် ကေကောဆေးခန်းကို သွားပြကြ တယ်။ တကယ်လို့မရရင် ဟိုယာဆေးရုံကို သွားပြကြ တယ်။ ဟိုယာဆေးရုံကိုသွားဖို့ဆိုလည်း ကားငှားဖို့လည်း အဆင်မပြေသလို ငွေရေးကြေးရေးကလည်း အခက်ခဲ တွေဘဲ ကျွန်မတို့ စစ်ရှောင်ပြည်သူအတွက်က တကယ်ကို ခက်ခဲတယ်။ ကိုယ့်သား/သမီး တွေကိုလည်း အာဟာရ နှင့်ညီအောင်လည်း မကျွေးနိုင်ကြလို့ ကလေးတွေ အတော်များများ တွေကအာဟာရချို့တဲ့ ကြတာတွေ ရှိတယ်။ အခုဒီဖက်မှာအဓိကဖြစ်နေတာက ယားနာတာတစ်ခုပါ။ ကလေး၊လူကြီး အကုန် ဖြစ်နေ ကြတယ်။ ဒီယားနာတာတစ်ခုက တစ်ကိုယ်လုံးကိုဖြစ်နေကြတယ်။ မျက်နှာတွေပေါ်မှာလည်း အကုန်ထွက်တယ်။ "

"ကာကွယ်ဆေးထိုးဖို့ဆိုရင်လည်း အခက်ခဲရှိနေတယ်။ တချို့မိဘမှာက ဆိုင်ကယ် ရှိရင်တော့ လိုက်ပို့ပေးလို့အဆင်ပြေတယ်။ တစ်ချို့ကဆိုင်ကယ်မရှိရင် လိုက်ငှားရမှာ အရမ်းအခက်ခဲ ရှိတယ်။ ဒါကြောင့်ဒီဖက်ထိ ကလေးကာကွယ်ဆေးကို လာထိုးပေးမယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ ပြောချင်တယ်။ ဒီမှာကမသန်စွမ်းတွေမရှိဘူး။ နာတာရှည်ရောဂါသည်တွေက (၄) ယောက်ရှိတယ်။ သူတို့အတွက်ဆေးဝါးလည်းဝယ်ယူရတာအခက်ခဲရှိတယ်။"

**"ကျန်းမာရေးပိုင်းတော့ ခုလောလောဆယ်ဆေး ပြတ်တောက်နေတယ်၊ ရောဂါအဓိက အဖြစ်များတာကတော့ ယားနာ၊ သွေးတိုးနှင့် ရာသီအပြောင်းအလဲကြောင့်ဖြစ်တဲ့ ရောဂါတွေပေါ့၊ အဲဒါကြောင့် ဆေးဝါးတွေ အရမ်းလိုအပ်နေတယ်၊ အထူးသဖြင့် ဆရာဝန်ရှိရင် ကျွန်မတို့ အတွက်အရမ်းအဆင်ပြေမှာပဲ၊ ဘာလို့လဲဆိုတော့ ရောဂါအတွက်ကုန်ရမယ်ဆို ငွေကြေးတွေမတတ်နိုင်တဲ့သူများကြီးမို့"**

**" အာဟာရချို့တဲ့နေတဲ့ ကလေးလည်းအများကြီးရှိတယ်။ မိဘလည်း အသားငါးတွေမဝယ်စားပေးနိုင်ကြလို့ အသားဓာတ်ချို့တဲ့တာလည်းရှိတယ်။ ရွာမှာကဝမ်းလျှောဝမ်းပျက်နဲ့ ရာသီတုပ်ကွေးတွေဖြစ်နေကြတာလည်းရှိတယ်။ ရေအခက်ခဲရှိနေလို့ တကိုယ် ရေသန့်ရှင်းမှုလည်း အခက်ခဲရှိနေတယ်။ အိမ်သာတော့ ရှိပေမဲ့ရေကအခက်ခဲရှိနေလို့အိမ်သာမသုံးကြသောတာလည်းရှိ တယ်။"**

# အခန်း (၃) လုံခြုံရေး

## (က) တွေ့ရှိချက်

### စစ်အန္တရာယ်ကြောင့် စဉ်ဆက်မပြတ် နေရပ်ရွှေ့ပြောင်းနေရခြင်း




တိုက်ပွဲအန္တရာယ်ကြောင့် နေရာရွှေ့ပြောင်းမှု သည် အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ်မှ ယခုနှစ် ၂၀၂၅ ခုနှစ်တိုင်ထိ ရွှေ့ပြောင်းနေထိုင်နေရဆဲဖြစ်သည်။ လုံခြုံရေး အန္တရာယ်များကြောင့်လည်း နေရာအနှံ့ အပြားသို့ ပြောင်းရွှေ့ နေရကြသည်။ စစ်ရှောင် တချို့မှာ မိမိရွာဟောင်းတွင် ပြန်နေထိုင်ကြသော်လည်း မြေမြှုပ်မိုင်း အန္တရာယ်များကြောင့် ထိခိုက် သေဆုံးမှု နှင့် ထိခိုက်ဒါဏ်ရာရရှိ မှုများသည် လစဉ်တိုင်း ဖြစ်ပွားနေသည်။ ထို့အပြင် မိမိနေရပ်များ ပြန်ကြည့်သူများအား စစ်ကောင်စီ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ကြုံတွေ့လျက်ရှိနေသည်။




### လေကြောင်း/လက်နက်ကြီး အန္တရာယ်နှင့် စဉ်ဆက်မပြတ် စိုးရိမ်မှု

တိုက်ပွဲဖြစ်ပွားမှု မရှိသော်လည်း စစ်ဘေးရှောင်ပြည်သူများနေထိုင်သော ကျေးရွာများ၊ စစ်ရှောင်စခန်းများ ပြစ်မှတ်ထား လေကြောင်းဖြင့် ဗုံးကျဲ တိုက်ခိုက်ခြင်း နှင့် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ စစ်ဘေးရှောင်များသည် နေ့စဉ် လေယာဉ်အသံ၊ လက်နက်ကြီးအသံများကြောင့် စိတ်ဖိစီးမှု နှင့် ကြောက်ရွံ့မှုများ တိုးလာနေပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ပိုမို မြင့်တက်လာနေသည်။



### သွားလာခွင့်အကန့်အသတ်

နိုင်ငံရေးနှင့် စစ်ရေးအခြေအနေများကြောင့် လွတ်လပ်စွာ သွားလာခွင့်မရှိခြင်း၊ သွားလာ ရာတွင်လည်း လုံခြုံမှုမရှိခြင်း များကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ကရင်နီပြည်ပ တခြား မြို့ ရွာများသို့ သွားလာရာတွင် စစ်ဆေးရေး ဂိတ်များစွာ ဖြတ်သန်းရပြီး စိုးရိမ်စိတ်ဖြင့် သွားလာနေရသည်။ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးသတ်ဖြတ်ခံရခြင်း ငွေညစ်ခံရခြင်းများနှင့် အကြမ်းဖက်ခံရခြင်းများ ကြုံတွေ့နေရသည်။




| ၄ လအတွင်း လူထု ထိခိုက်နစ်နာ သေဆုံးမှု | |
|---|---|
| အကြောင်းအရာ | စုစုပေါင်း |
| လေကြောင်းတိုက်ခိုက်မှု | ၂၀ ဦး |
| လက်နက်ကြီး ပစ်ခတ်ခြင်း | ၁၃ ဦး |
| မြေမြှုပ်မိုင်း | ၁ ဦး |

| ၄ လအတွင်း လူထု ထိခိုက် ဒါဏ်ရာရမှု | |
|---|---|
| အကြောင်းအရာ | စုစုပေါင်း |
| လေကြောင်းတိုက်ခိုက်မှု | ၄၄ ဦး |
| လက်နက်ကြီး ပစ်ခတ်ခြင်း | ၄၇ ဦး |
| မြေမြှုပ်မိုင်း | ၉ ဦး |
| ဖမ်းဆီးခံရသူ | ၂၂ ဦး |

### (ခ) သုံးသပ်ချက်

၁။ စစ်အန္တရာယ်နှင့် တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် စဉ်ဆက် မပြတ် နေရပ်ရွှေ့ပြောင်းနေရပြီး နေရပ်ပြန်သွားနိုင်ခြင်း မရှိသည့်အတွက် ခိုလှုံရာ၊ အစားအသောက်၊ ကျန်းမာရေး၊ စိတ်ကျန်းမာရေး စသည့် အခြေခံလိုအပ်ချက်များ လူသားချင်း စာနာမှု အကူအညီလိုအပ်မှု ဆက်လက်တိုးမြှင့်လာနိုင်သည်။

၃။ နေရပ်ပြန်သွားသူများသည် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုနှုန်း မြင့်တက်လာနိုင်သည်။

၂။ လေကြောင်း/လက်နက်ကြီး အန္တရာယ်များကြောင့် စစ်ရှောင် လူထုများ စဉ်ဆက်မပြတ် စိုးရိမ်မှု ဖြစ်လာပြီး စိတ်ကျန်းမာရေး ထိခိုက်လာနိုင်သည်။

၃။ သွားလာခွင့်ကန့်သတ်မှုကြောင့် လူမှုဝင်ရောက်နိုင်မှု၊ ပညာရေး၊ အလုပ်အကိုင် နှင့် လူသားချင်း စာနာမှုအကူအညီရရှိမှု အခက်အခဲ များ ဖြစ်ပေါ် နိုင်သည်။

### (ဃ) လူထုအသံ

“ ဒီမှာနေတာလဲညဆိုလဲ ပုန်းခိုကျင်းထဲဝင်အိပ်ရသေးတယ်ပေါ့ ဒီဖက် တော့ လေကြောင်းတိုက်ခိုက်မှုများတော့ ကြောက်ရ တယ်ပေါ့။ တိုက်ပွဲ အခြေအနေဆိုးရင် အားလုံးလိုက်ပတ် ကျဲချတာဘဲ တိုက်ပွဲမရှိလဲ လိုက် ကျဲတယ် အပြစ်မရှိပြည်သူတွေ အိုးအိမ်ပျက်စီးကုန်တာမျိုးရှိတယ်၊ အခြေအနေတော့ တော်တော် ဆိုးတယ်ပေါ့၊”



“တိုက်ပွဲများဖြစ်ပွားရင် သေနတ်သံ လက်နက်ကြီးသံတွေ အသံ အကျယ် ကြီး ကြားနေရတယ်၊ တစ်ခါတလေ လေယာဉ်တွေ ရွာအပေါ် ဖြတ်သွားပြီး မိုးဗြဲ၊ သုံးထပ်ကွေ့ အောက်ဖက် တွေကို ဗုံးကြဲချရင် ရွာသား တွေကြောက်ကြပြီး တောင်ပေါ်မှာ သွားအိပ်ကြ တယ်။ ဒီတလောမှာတော့ လေယာဉ်ဗုံး ခဏခဏ ကြဲနေတယ် ဆိုတဲ့ သတင်းတွေလည်း ကြားနေရ တယ်။ လေကြောင်းရန်ကိုတော့ အရမ်း စိုးရိမ်နေရတယ်။ ဘာလို့လဲ ဆိုတော့ စာသင်နေတဲ့ ကျောင်းသားတွေလဲ ကျောင်းတွေမှာ မသင်ရဲ တော့ဘူး ရပ်ရွာ ထဲက နေအိမ်တွေမှာထိ သွားရောက် သင်ယူနေကြရတယ်။ ရွာသားတွေ အနေနဲ့ လည်း မြေပြင်က စစ်ရေးအခြေအနေကို ကြည့်ပြီးတော့ လေကြောင်းရန်နှင့် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်နေမှာ ကိုတော့ အရမ်းစိုး ရိမ်နေရတယ်။ ”

### (ဂ) အကြံပြုချက်များ

၁။ လုံခြုံမှုရှိသော အသိုင်းအဝိုင်းဖြစ်လာစေရေးအတွက် မြေမြှုပ်မိုင်းရှင်းလင်းရေး၊ အသိပညာပေးခြင်း လုပ်ငန်းစဉ်များ လုပ်ရန်လိုအပ်သည်။ ထို့အပြင် စစ်ဘက်နှင့် အရပ်ဖက် သီးခြားဖြစ်ရန် လိုအပ်သည်။

၂။ လူသားချင်းစာနာမှုအကူအညီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များ ဆက်လက် လိုအပ်သည်။

၃။ လူထုများအတွက် လုံခြုံစွာနေထိုင်နိုင်ရေးအတွက် စစ်ကောင်စီ မှ လူထုများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ လျော့ကျလာစေရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရန်လိုအပ်သည်။



“ အိမ်တွေမီးရှို့ခံရတာတို့ ခြံတွေရောင်းစားလိုက်တာတို့ ခံရတယ်။ စားနပ်ရိက္ခာပြတ်လို့ ရွာပြန်ဝင်ယူတဲ့သူအချို့ ဆိုလည်း သေနတ်နဲ့ ပစ်သတ်ခံရတာလည်းရှိတယ်။ အဖမ်းခံ ရတာတွေ လည်းရှိတယ်။ ဒီစစ်ရှောင်မှာ တစ်ယောက်ရှိတယ် သူတို့ခြံထဲမှာစစ်ရှောင်တုန်းက အိမ်ကိုသန့်ရှင်းရေး ပြန်လုပ် တာ စစ်တပ်နဲ့တိုးလို့ သူ့အမျိုးသား အသတ်ခံလိုက်ရတယ်။ စစ်စရှောင်တုန်းက ဦးလေးတစ်ယောက် က ခြံမှာပဲ စစ်ရှောင် ပြီး ရွာမှာတစ်ခါတစ်လေပြန်တယ်လေး (၃)လနေတော့ အသတ်ခံလိုက် ရတယ်။ ”



## အခန်း (၄) အကြံပြုတိုက်တွန်းချက်များ

**INGO များ၊ NGO များနှင့် နိုင်ငံတကာအစိုးရများအား အောက်ပါအတိုင်း တိုက်တွန်းအပ်ပါသည်-**

- ကရင်နီပြည်နယ်သို့ လူသားချင်းစာနာမှုအရေးပေါ် အကူအညီပေးရေးလုပ်ငန်းစဉ် တိုးမြှင့်ရန် အထူးသဖြင့် နယ်စပ်ဖြတ်ကျော်အကူညီလမ်းကြောင်းများမှ တဆင့် ကူညီမှုများ ပေးနိုင်ရန်။
- ထိခိုက်ခံစားရသော ဒေသခံလူထုများအတွင်း ရေရှည်တည်တံ့သော ဖြေရှင်းနည်းများကို အထောက်အပံ့ပေးရန်နှင့် ခံနိုင်ရည်အားကောင်းစေရန် ရည်ရွယ်ပြီး ရန်ပုံငွေများကို ပြောင်းလွယ်ပြင်လွယ်ရှိသော ရေရှည်အစီအစဉ်များဖြင့် ပံ့ပိုးကူညီပေးရန်။
- အကူအညီလိုအပ်သူများထံ အရောက်ပို့နိုင်ရန်အတွက် ယုံကြည်ရသော ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- စစ်ကောင်စီ အပေါ် လက်နက်ရောင်းချမှု တားမြစ်ချက်များ ချမှတ်ပြီး လေကြောင်း တိုက်ခိုက် မှုများ အဆုံးသတ်ရန် မပျံသန်းရဇုန်များ (no-fly zone) ကို ချမှတ်ရန်နှင့် စစ်ကောင်စီထံ လေယာဉ်ဆီ ရောင်းချမှု၊ ထောက်ပံ့မှုများကို ပိတ်ဆို့ အရေးယူပေးရန်။

**ကရင်နီပြည်သူများနှင့်အတူ ရပ်တည်ပြီး လူသားဆန်စွာ အသက်ရှင်ရပ်တည်ရေးနှင့် ဘဝများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အရေးတကြီးလိုအပ်သော ထောက်ပံ့မှုအကူအညီများ ပေးအပ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## နိဂုံး

ဤအစီရင်ခံစာပါ အချက်အလက်များအရ ကရင်နီပြည်နယ်ရှိ စစ်ဘေးရှောင်များနှင့် ဒေသခံပြည်သူများသည် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ပညာရေးထောက်ပံ့မှု အားနည်းမှု၊ ကျန်းမာရေးဝန်ဆောင်မှု ရယူရန် ခက်ခဲမှုတို့သည် ဒေသခံတို့၏ လူမှုဘဝကို ခြိမ်းခြောက်နေသည်။ လုံခြုံရေး အခြေအနေ မတည်ငြိမ်မှုနှင့် လေကြောင်း/လက်နက်ကြီး အန္တရာယ်များကြောင့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ မြင့်တက်နေပြီး၊ လွတ်လပ်စွာသွားလာခွင့် ကန့်သတ်ခံရခြင်းသည် လူမှုစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်စေသည်။

ထို့အတွက်ကြောင့် ကရင်နီပြည်နယ်ရှိ စစ်ဘေးရှောင်များနှင့် ဒေသခံပြည်သူများ၏ လူမှုဘဝ ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပြည်နယ်အခြေအနေမှန်များအပေါ် အခြေခံပြီး ပြည်နယ်တည်ဆောက်ရေးကြိုးပမ်းနိုင်ရန် နှင့် လိုအပ်သောနိုင်ငံတကာအကူအညီများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရရှိနိုင်ရန်အတွက် ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG)မှ တင်ပြအပ်ပါသည်။